# မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ

**People's Party of Myanmar Farmers And Workers**



# ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းနှင့် မူဝါဒသဘောထား

## မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ
## ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် မူဝါဒသဘောထား

### မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း (၁) | ၁ - ၂ |
| ၃။ | အခန်း (၂) | ၃ - ၄ |
| ၄။ | အခန်း (၃) | ၄ |
| ၅။ | အခန်း (၄) | ၄ - ၅ |
| ၆။ | အခန်း (၅) | ၅ |
| ၇။ | အခန်း (၆) | ၅ - ၆ |
| ၈။ | အခန်း (၇) | ၆ - ၈ |
| ၉။ | အခန်း (၈) | ၈ - ၁၁ |
| ၁၀။ | အခန်း (၉) | ၁၂ |
| ၁၁။ | အခန်း (၁၀) | ၁၃ -၂၂ |

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အဖြစ်သို့ တည်ဆောက်တက်လှမ်းရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ဦးဆောင်မှုကဏ္ဍသည် အရေးကြီးသကဲ့သို့ နိုင်ငံတော်၏ အဓိကမောင်းနှင်အားဖြစ်သည့် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ တပ်မတော်သားများ ပါဝင်သည့်တိုင်းရင်းသား ပြည်သူအင်အားစုကြီး တစ်ရပ်လုံးမှ တညီတညွတ်တည်း ပါဝင်ကြိုးပမ်းကြရမည်ဖြစ်သည်။ သို့မှသာ တောင့်တင်းခိုင်မာသော အမျိုးသားရေးဘက်စုံ၊ ဒေါင့်စုံ၊ အကြား အလပ်မရှိ ကိုယ်ပိုင်အချုပ်အခြာအာဏာအပြည့်နှင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ကမ္ဘာတည်သ၍ သမိုင်း မမှိန်စေဘဲ လွတ်လပ်သော အင်အားကြီးနိုင်ငံတော်အဖြစ် ရပ်တည်နိုင်မည်ဟု ကျွန်ုပ်တို့ မမှိတ်မသုန် ယုံကြည် မိပါသည်။ထိုအမျိုးသားရေး အင်အားစုကြီးကို အရင်းတည်၍ အမျိုးသားရေး ဦးတည်ချက်၊ ခံယူချက်၊ ယုံကြည်ချက် အပြည့်အဝတို့ဖြင့် ဒို့တာဝန်အရေးသုံးပါးကို အလေးထား၍ ကျွန်ုပ်တို့သည် “မြန်မာနိုင်ငံ တောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ” ("People's party of Myanmar Farmers and Workers") ကို ဖွဲ့စည်းတည်ထောင်အပ်ပါသည်။

## အခန်း (၁)

၁။ **ပါတီအမည်**

ပါတီအမည်ကို “မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ” ဟု မှည့်ခေါ်စေပြီး အင်္ဂလိပ်ဘာသာဖြင့် "People's party of Myanmar Farmers and Workers" အတိုကောက်အင်္ဂလိပ်အက္ခရာဖြင့် "PPMFW" ဟု ခေါ်တွင်စေရမည်။

၂။ **အလံတော်နှင့် အထိမ်းအမှတ်တံဆိပ်**

မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ၏ အလံတော်၊ အမှတ်တံဆိပ် နှင့် ရုံးတံဆိပ်တို့သည် အောက်တွင်ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

**အလံတော်**



**အမှတ်တံဆိပ်**



## ရုံးတံဆိပ်

(က) **ပါတီအလံတော်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်**

ပါတီအလံတော်ရှိ ကြယ်ဖြူကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ရည်ညွှန်းပြီး ကိုယ်ပိုင် အချုပ်အခြာအာဏာဖြင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဟူသည့် လောကပါလတရားနှင့်အညီ ကမ္ဘာတည်သရွေ့ ထွန်းလင်းတောက်ပနေမည်ဖြစ်ကြောင်း ဖော်ညွှန်းပါသည်။

(ခ ) **ပါတီအလံတော်ရှိ ကြယ်ဖြူငါးလုံးသည်**

- * ပြည်ထောင်စုမပြိုကွဲရေး
- * တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
- * အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
- * နိုင်ငံတကာနှင့်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး
- * အမျိုးဘာသာသာသနာထွန်းကားစေရေး - တို့ကို ဖော်ညွှန်းပါသည်။

(ဂ ) ပါတီအလံတော်ထိပ်ရှိ စတုရန်းကွက်အား မိုးကောင်းကင်အပြာရောင် အသုံးပြုခြင်းသည် ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ မျှော်လင့်ချက်အောင်မြင်ခြင်းတို့ကို ဖော်ညွှန်းပါသည်။

(ဃ) ပါတီအလံတော်ထိပ်ရှိ အဝါရောင်အသုံးပြုခြင်းမှာ အမျိုးဘာသာ သာသနာကို ထွန်းကားစေရန် နှင့် သစ္စာရှိစွာတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန် ဖော်ညွှန်းပါသည်။

(င ) ပါတီအလံတော်အလယ်တွင် အနီရောင်အသုံးပြုခြင်းမှာ ရဲရင့်ခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်ပြီး၊ တိုင်းပြည် နှင့် လူမျိုးအပေါ် သစ္စာရှိခြင်း အဓိပ္ပါယ်၊ မြန်မာ့တပ်မတော်၏ ဇာတိမာန်နှင့် ပြည်သူ့ထာဝရ လက်တွဲပြီး သစ္စာရှိစွာ ဆောင်ရွက်မည်ကို ဖော်ညွှန်းပါသည်။

(စ ) ပါတီအလံတော်အောက်တွင် အစိမ်းရောင် အသုံးပြုခြင်းမှာ လုံခြုံအေးချမ်းခြင်း၊ သာယာစိုပြေခြင်း၊ ပြည်တွင်း/ပြည်ပ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ခြင်းကို ဖော်ညွှန်းပါသည်။

## အခန်း (၂)

၃။ **ရည်ရွယ်ချက်**

(က) စည်းကမ်းနှင့် ပညာရည်ပြည့်ဝသော ဒီမိုကရေစီ ထွန်းကားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို ပြည်သူ့ဗဟိုပြု၊ ပြည်သူ့စွမ်းအားဖြင့် တည်ဆောက်သွားရန်။

(ခ ) တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားသည် ဒီမိုကရေစီ စနစ်၏ အသက်သွေးကြော၊ ပြည်သူတစ်ရပ်လုံး၏ စိတ်ဓါတ်မြင့်မားမှု နှင့် ပညာရည် ပြည့်ဝမှု၊ စည်းလုံးညီညွတ်မှုသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သည့်အတွက် ထိုတရားများ လွှမ်းခြုံထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲဆောင်ရွက်ရန်။

(ဂ ) မြန်မာ့တပ်မတော်သည် ပြည်သူနှင့်လက်တွဲပြီး လွတ်လပ်ရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက် ခဲ့ခြင်း၊ လွတ်လပ်ရေး ဆုံးရှုံးမသွားရအောင် ပြည်တွင်း/ပြည်ပရန်ကို ကာကွယ်ခြင်း၊ အချုပ် အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သမိုင်းဂုဏ်ရှိသည်နှင့်အညီ ပြည်သူနှင့် တပ်မတော် လက်တွဲဆောင်ရွက်သွားရန်။

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘက်စုံ၊ ထောင့်စုံ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက် စေရေး အဟန့်အတားမရှိစေရန်အတွက် လိုအပ်သော နိုင်ငံတဝန်းလုံး ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများအကြား ညီညွတ်မျှတစွာ လက်တွဲဆောင်ရွက်သွားရန်။

(င ) တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ကျောင်းသားများ၊ တပ်မတော်သားများ၊ နိုင်ငံ့ ဝန်ထမ်းများ အပါအဝင်ဖြစ်သော မြန်မာနိုင်ငံသူ ၊ နိုင်ငံသားအားလုံး ဒီမိုကရေစီ လူ့ဘောင် အတွင်းမှ တရားမျှတသော ဥပဒေများနှင့်အညီ တန်းတူညီတူ လူ့အခွင့်အရေး အပြည့်အဝ ရရှိအောင် ဆောင်ရွက်သွားရန်။

(စ ) မြန်မာပြည်၏ ရာနှုန်းပြည့်နီးပါးအရေအတွက် ဖြစ်သော အခြေခံလူ့အဖွဲ့အစည်း နှစ်ရပ် ဖြစ်သည့် တောင်သူလယ်သမား နှင့် အလုပ်သမားအားလုံးတို့၏ လူမှုစီးပွားဘဝ၊ ပညာရေး၊ ကျန်းမာရေး နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရန်။

(ဆ) လွတ်လပ်၍ တရားမျှတသည့် တရားစီရင်ရေးစနစ် အားကောင်းလာစေရေး တရားမျှတသည့် ဥပဒေများ ပြဌာန်းနိုင်ရေး၊ ပြဌာန်းပြီးဖြစ်သည့် တရားမျှတသည့် ဥပဒေစိုးမိုးရေး လုပ်ငန်းစဉ် များသည် ပြည်သူတစ်ရပ်လုံး သောကကင်းဝေးစွာ သာယာအေးချမ်းသည့် လူ့ဘောင်အဖွဲ့ အစည်း ဖြစ်ထွန်းလာစေရေးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည့်အတွက် ကြိုးပမ်း ဆောင်ရွက် သွားရန်။

(ဇ ) နိုင်ငံတော်အတွင်း အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံအကျိုးပြု လူ့အရင်းအမြစ်များ လွှမ်းခြုံနိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဈ ) အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေး စရိုက်လက္ခဏာများ၊ (National Character, National image) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် နှင့် မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်ပါသည်။

## အခန်း (၃)

### ၄။ ပါတီ၏ဌာနချုပ်တည်နေရာ

မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ ("People's Party of Myanmar Farmers and Workers") ၏ ဌာနချုပ်သည် မြန်မာနိုင်ငံ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၌ တည်ရှိမည် ဖြစ်သည်။

### ၅။ ပါတီစည်းရုံးရေးနယ်နိမိတ်

မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား၊ ပြည်သူ့ပါတီ ("People's Party of Myanmar Farmers and Workers") ၏ စည်းရုံးရေး နယ်နိမိတ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံး ဖြစ်ပါသည်။

## အခန်း (၄)

### ၆။ ပါတီဝင်အဖြစ် ဝင်ရောက်ခွင့်သတ်မှတ်ချက်

မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား၊ ပြည်သူ့ပါတီဝင်အဖြစ် ဝင်ရောက်လိုသူများသည် အောက်ပါဖော်ပြချက်များ နှင့် ကိုက်ညီရမည်။

(က) မြန်မာနိုင်ငံသား စိစစ်ရေးကဒ်ပြား/အမျိုးသားမှတ်ပုံတင်ကဒ်ပြား/ဧည့်နိုင်ငံသား လက်မှတ် (သို့မဟုတ်) ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတစ်ဦး ဖြစ်ရမည်။

(ခ ) အသက် (၁၈) နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ ) သာသနာ့ဝန်ထမ်းမဖြစ်စေရ။

(ဃ) နိုင်ငံ့ဝန်ထမ်းမဖြစ်စေရ။

(င ) ထောင်ဒဏ်ကျခံနေသူမဖြစ်စေရ။

(စ ) နိုင်ငံတော်အား လက်နက်ကိုင် ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့ဝင် (သို့မဟုတ်) အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်ထားသော အဖွဲ့အစည်းဝင်

နှင့် ပုဂ္ဂိုလ်များ (သို့) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေငြာခြင်းခံရသော အဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း (သို့မဟုတ်) အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်မဖြစ်စေရ။

(ဆ) တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်ငြိစွန်းသူမဖြစ်စေရ။

(ဇ ) နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံခြားသားအဖြစ်သို့ ခံယူထားသောသူမဖြစ်စေရ။

(ဈ ) မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသူမဖြစ်စေရ။

၇။ **ပါတီဝင်ခွင့်လျှောက်ထားခြင်း**

(က) မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ၏ ပါတီဝင်အဖြစ် လျှောက်ထားလိုသူသည် အောက်ဖော်ပြပါ အချက်များနှင့်အတူ မိမိနေထိုင်ရာ ဒေသမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံတောင်သူ လယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ၏ သတ်မှတ်ထားသော တာဝန်ခံမှတဆင့် လျှောက်ထားရမည်။

(ခ ) မြန်မာနိုင်ငံ တောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ၏ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဖြည့်သွင်းရမည်။

(ဂ ) မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမားပြည်သူ့ပါတီ၏ လက်ရှိပါတီဝင်တစ်ဦး၏ ထောက်ခံချက်ရယူရမည်။

## အခန်း (၅)

၈။ **မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား၊ ပြည်သူ့ပါတီ၏ သစ္စာခံဋ္ဌာန်**

(က) ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး သစ္စာရှိပါမည်။

(ခ ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူများအပေါ် သစ္စာရှိပါမည်။

(ဂ ) မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီအပေါ် သစ္စာရှိပါမည်။

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးဘာသာ၊ သာသနာ၊ အမျိုးသားရေး၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ထာဝရ သစ္စာရှိပါမည်။

## အခန်း (၆)

၉။ **ပါတီဝင်များ လိုက်နာရမည့်စည်းကမ်းချက်များ**

မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ၏ ပါတီဝင်များ လိုက်နာရမည့် အောက်ပါစည်းကမ်းချက်များကို သတ်မှတ်ပြဋ္ဌာန်းထားပါသည် -

(က) ပါတီဝင်များသည် ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေတွင် ဖော်ပြထားသည့် ရည်ရွယ်ချက်၊ မူဝါဒလမ်းစဉ်၊ ဆုံးဖြတ်ချက် နှင့် စည်းကမ်းများကို လိုက်နာရမည်။ ပါတီဝင်များ အချင်းချင်း ရဲဘော်ရဲဘက်စိတ်ဓာတ် ထာဝရထားရှိရမည်။

(ခ ) ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ ကင်းရမည်။ ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုများကို လုံးဝမပြုလုပ်ရ။ အခြားပါတီများကို ပုတ်ခတ်ပြောဆိုခြင်း၊ တိုက်ခိုက်ခြင်းမပြုလုပ်ရပါ။

(ဂ ) မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ၏ သတ်မှတ်ပြဌာန်းထားသည့် ပါတီဝင်ကြေးကို ပေးဆောင်ရမည်။

(ဃ) အကျင့်စာရိတ္တ ပျက်ပြားမှု၊ ကိုယ်ကျိုးရှာမှုများနှင့် တစ်ကိုယ်ကောင်းဆန်မှုများကို အထူးရှောင်ကြဉ်ကြပြီး ပြည်သူ့ဗဟိုပြုယဉ်ကျေးသိမ်မွေ့ပျူငှာစွာ ဆက်ဆံနေထိုင်ရမည်။

(င ) ပါတီဝင်များ လိုက်နာရမည့် အချက်များကို ပါတီညီလာခံနှင့် ပါတီဗဟို အလုပ်အမှုဆောင်အဖွဲ့က လိုအပ်သလို သတ်မှတ်မည်။

(စ ) ပါတီအကျိုးနှင့် နိုင်ငံတော်အကျိုး ယှဉ်တွဲလာပါက နိုင်ငံတော်၏ အကျိုးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။

(ဆ) ပါတီဝင်များသည် မိမိဆန္ဒအလျောက် ပါတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက သက်ဆိုင်ရာ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တစ်ခုခုထံတွင် နုတ်ထွက်စာ တင်ပြ၍ နုတ်ထွက်နိုင်သည်။

## အခန်း (၇)

၁၀။ **ဖွဲ့စည်းပုံ**

မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ "People's Party of Myanmar Farmers And Workers" ကို အောက်ပါအတိုင်း အဆင့်ဆင့် သတ်မှတ်ဖွဲ့စည်းမည် ဖြစ်ပါသည် -

(က) ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်

(ခ ) မြို့နယ်အဆင့်

(ဂ ) တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်

(ဃ) ပါတီဗဟိုဌာနချုပ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဆင့်

(င ) တစ်နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ

၁၁။ **အလုပ်အမှုဆောင်အဖွဲ့များ**

ရပ်ကွက်/ကျေးရွာအုပ်စုပါတီ အလုပ်အမှုဆောင်အဖွဲ့များအား အောက်ပါအတိုင်း ဖွဲ့စည်းမည် -

| | | |
|---|---|---|
| (က) ဥက္ကဋ္ဌ | ( ၁) | ဦး |
| (ခ ) ဒုတိယဥက္ကဋ္ဌ | ( ၁) | ဦး |
| (ဂ ) အတွင်းရေးမှူး | ( ၁) | ဦး |

(ဃ) ဘဏ္ဍာရေးမှူး ( ၁) ဦး

(င ) အမှုဆောင်အဖွဲ့ဝင် (၁၁) ဦး ပေါင်း (၁၅) ဦး

၁၂။ **မြို့နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့များ**

မြို့နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့များအား အောက်ပါအတိုင်း ဖွဲ့စည်းမည် -

(က) ဥက္ကဋ္ဌ ( ၁) ဦး

(ခ ) ဒုတိယဥက္ကဋ္ဌ ( ၂) ဦး

(ဂ ) အတွင်းရေးမှူး ( ၁) ဦး

(ဃ) တွဲဖက်အတွင်းရေးမှူး ( ၁) ဦး

(င ) ဘဏ္ဍာရေးမှူး ( ၁) ဦး

(စ ) အမှုဆောင်အဖွဲ့ဝင် (၁၁) ဦး ပေါင်း (၁၇) ဦး

၁၃။ **တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့များ**

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ပါတီ အလုပ်အမှုဆောင်အဖွဲ့များအား အောက်ပါအတိုင်း ဖွဲ့စည်းမည် -

(က) ဥက္ကဋ္ဌ ( ၁) ဦး

(ခ ) ဒုတိယဥက္ကဋ္ဌ ( ၂) ဦး

(ဂ ) အတွင်းရေးမှူး ( ၁) ဦး

(ဃ) တွဲဖက်အတွင်းရေးမှူး ( ၂) ဦး

(င ) ဘဏ္ဍာရေးမှူး ( ၁) ဦး

(စ ) အမှုဆောင်အဖွဲ့ဝင် (၁၆) ဦး ပေါင်း (၂၃) ဦး

၁၄။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ပါတီဥက္ကဋ္ဌတိုင်းသည် ပါတီဗဟိုကော်မတီဝင် ဖြစ်ကြသည်။

၁၅။ **ပါတီဌာနချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ**

ပါတီဌာနချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များအား အောက်ပါအတိုင်း ဖွဲ့စည်းမည် -

(က) ဥက္ကဋ္ဌ ( ၁) ဦး

(ခ ) ဒုတိယဥက္ကဋ္ဌ ( ၂) ဦး

(ဂ ) အထွေထွေအတွင်းရေးမှူး ( ၁) ဦး

(ဃ) တွဲဖက်အတွင်းရေးမှူး ( ၂) ဦး

(င ) ဘဏ္ဍာရေးမှူး ( ၁) ဦး

(စ ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၂၀) ဦး တို့ဖြစ်ပါသည်။ ပေါင်း (၂၇) ဦး

၁၆။ **ပါတီညီလာခံကိုယ်စားလှယ်များ**

(က) မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများက ဒီမိုကရေစီနည်းလမ်းနှင့်အညီ စနစ်တကျ ရွေးချယ်ထားသော ကိုယ်စားလှယ် (၁) ဦးစီ

(ခ ) မြို့နယ်ပါတီများမှ ရွေးချယ်ထားသော ကိုယ်စားလှယ် (၂) ဦးစီ

(ဂ ) တိုင်းဒေသကြီးနှင့်ပြည်နယ်ပါတီများမှ ရွေးချယ်ထားသော ကိုယ်စားလှယ် (၄) ဦးစီ

## အခန်း (၈)

၁၇။ နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ၊ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ နှင့် ပါတီဗဟိုကော်မတီအဆင့်ဆင့် တာဝန်ရှိသူများ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ ဖွဲ့စည်းဆောင်ရွက်ပုံကို အောက်ဖော်ပြပါ ခေါင်းစည်းများအတိုင်း ဆောင်ရွက်မည်ဖြစ်သည်။

၁၈။ **နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ**

(က) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံသည် ပါတီ၏ အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့ ဖြစ်စေရမည်။

(ခ ) ပါတီ၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံအား (၅) နှစ်လျှင် တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ဂ ) ပါတီ၏ အရေးပေါ် ညီလာခံအား ပါတီဗဟိုကော်မတီ သုံးပုံတစ်ပုံမှ တောင်းဆိုလျှင် (သို့) ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်လျှင် နိုင်ငံလုံးဆိုင်ရာ အရေးပေါ် ပါတီညီလာခံအား ကျင်းပရမည်။

၁၉။ **ပါတီဗဟိုအလုပ်အမှုဆောင်များနှင့် ပါတီဗဟိုကော်မတီဝင်များ**

(က) ပါတီဗဟိုအလုပ်အမှုဆောင်များနှင့် ပါတီဗဟိုကော်မတီဝင်များသည် ညီလာခံတစ်ခုနှင့် တစ်ခု အကြား ကာလများတွင် ပါတီ၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်ရမည်။

(ခ ) ပါတီဗဟိုအလုပ်အမှုဆောင်များနှင့် ပါတီဗဟိုကော်မတီဝင်များသည် ပါတီဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ရွေးချယ်ထားသော ပုဂ္ဂိုလ်များ ဖြစ်ကြရမည်။

(ဂ ) ပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပထမဆုံးအကြိမ်ကျင်းပသည့် ပါတီညီလာခံမှ အစပြုလျှက် ပါတီဗဟိုကော်မတီဝင်များထဲမှ ပုဂ္ဂိုလ်များဖြင့်သာ ရွေးချယ်တင်မြှောက်ကြရမည်။

(ဃ) ပါတီဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟိုကော်မတီဝင်များသည် ပါတီဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းအရ ပါတီက ချမှတ်ပေးထားသော လမ်းစဉ်များ၊ လုပ်ငန်းစဉ်များ၊ တာဝန်ခံ ပုံဖော် ဆောင်ရွက်ကြရမည်။

(င ) ပါတီဗဟိုအလုပ်အမှုဆောင်များနှင့် ပါတီဗဟိုကော်မတီများ အစည်းအဝေးသည် အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ်ခေါ်ယူကျင်းပရမည်။

## ၂၀။ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့

(က) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံကြီးက ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုကော်မတီဝင် များက ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား မျက်နှာစုံညီ အစည်းအဝေးမှ ရွေးချယ်ရမည်။

(ခ ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပါတီညီလာခံနှင့် ပါတီဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ချမှတ်ထားသော လုပ်ငန်းများအား ဦးစီး၍ အကောင်အထည်ဖော်ရမည်။

(ဂ ) ဗဟိုအလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။

## ၂၁။ ပါတီခေါင်းဆောင်

ပါတီခေါင်းဆောင်သည် ပါတီ၏ အမြဲတမ်းသဘာပတိဖြစ်သည်။

## ၂၂။ ဥက္ကဋ္ဌ

(က) ဥက္ကဋ္ဌသည် ပါတီ၏ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းများကို ဦးစီးပုံဖော်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ ) ပါတီ၏ စည်းမျဉ်းများ၊ နိုင်ငံရေးလုပ်ငန်းစဉ်များအား အောင်မြင်စွာ ပုံဖော်နိုင်ရေးအတွက် မဟာဗျူဟာများ ချမှတ်ညှိနှိုင်း၍ ဦးဆောင်ရမည်။

## ၂၃။ ဒုတိယဥက္ကဋ္ဌ (၁)

ဒုတိယဥက္ကဋ္ဌ (၁) သည် ပါတီဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

## ၂၄။ ဒုတိယဥက္ကဋ္ဌ (၂)

ဒုတိယဥက္ကဋ္ဌ (၂) သည် ပါတီဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ တာဝန်များအား ထမ်းဆောင်ရမည်။

၂၅။ **အထွေထွေအတွင်းရေးမှူး**

(က) အထွေထွေအတွင်းရေးမှူးသည် ပါတီတစ်ရပ်လုံး၏ လုပ်ငန်းများလည်ပတ်မှုရှိစေရန်အတွက် အနီးကပ် ကြီးကြပ်တာဝန်ယူရမည်။

(ခ ) အထွေထွေအတွင်းရေးမှူးသည် ဗဟိုအလုပ်အမှုဆောင်နှင့် ဗဟိုကော်မတီအဖွဲ့ဝင်တို့ ချမှတ်သည့် လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များအား လိုအပ်သလို ထုတ်ပြန်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ ပြုရမည်။

(ဂ ) ဥက္ကဋ္ဌသည် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက အထွေထွေအတွင်းရေးမှူးက ယာယီဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ရမည်။

၂၆။ **တွဲဖက်အတွင်းရေးမှူး (၁)**

(က) အထွေထွေအတွင်းရေးမှူး၏ အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များအား တာဝန်ယူ ဆောင်ရွက်ရမည်။

(ခ ) အကြောင်းအမျိုးမျိုးကြောင့် အထွေထွေအတွင်းရေးမှူးအနေဖြင့် ပါတီ၏ လုပ်ငန်းတာဝန်များ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အတွင်းရေးမှူး (၁) မှ တာဝန်ယူ ဆောင်ရွက်ရမည်။

၂၇။ **တွဲဖက်အတွင်းရေးမှူး (၂)**

(က) အထွေထွေအတွင်းရေးမှူး၏ အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များအား တာဝန်ယူ ဆောင်ရွက်ရမည်။

(ခ ) အကြောင်းအမျိုးမျိုးကြောင့် အတွင်းရေးမှူး (၁) အနေဖြင့် ပါတီ၏ လုပ်ငန်းတာဝန်များ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အတွင်းရေးမှူး (၂) မှ တာဝန်ယူ ဆောင်ရွက်ရမည်။

၂၈။ **ဘဏ္ဍာရေးမှူး**

ဘဏ္ဍာရေးမှူးသည် ပါတီ၏ ရန်ပုံငွေများ ထိန်းသိမ်းခြင်း၊ စိစစ်ခြင်း၊ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ **ပါတီဗဟိုကော်မတီများ**

(က) ပါတီဗဟိုကော်မတီများသည် ပါတီ၏ လုပ်ငန်းစဉ်များအား ချောမွေ့စွာ လည်ပတ်နိုင်စေရေးအတွက် လည်းကောင်း၊ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့အနေဖြင့် ဆောင်ရွက်သော တစ်နိုင်ငံလုံး အတိုင်းအတာအရ စည်းရုံးရေးလုပ်ငန်းများတွင်လည်းကောင်း ပါဝင်ဆောင်ရွက်ရမည်။

(ခ ) ဗဟိုကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကာလများ၌ အောက်ပါလုပ်ငန်း ကော်မတီများအတွက် သင့်လျော်သည့် ပုဂ္ဂိုလ်များအား ရွေးချယ်တာဝန် ပေး၍ ဦးဆောင်ကြီးကြပ်ရမည်။

၃၀။ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပါတီတွင်းနှင့် ပြည်သူလူထုအတွင်းသို့ ပါတီသဘောထား၊ ပါတီလုပ်ငန်းစဉ်များကို ထိရောက်လျှင်မြန်စွာ အချိန်နှင့်တပြေးတည်း စိမ့်ဝင်စီးဆင်းနိုင်ရေးအတွက် အောက်ပါ ကော်မတီကို ဖွဲ့စည်းပါမည် -

(က) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီ

(ခ ) သတင်း နှင့် ပြန်ကြားရေးကော်မတီ

(ဂ ) စည်းရုံးလှုံ့ဆော်ရေး ကော်မတီ

(ဃ) သုတေသန ကော်မတီ

(င ) ဥပဒေရေးရာ ကော်မတီ

(စ ) ပဏာမအဆင့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရေး ကော်မတီတို့ ဖြစ်ပါသည်။

၃၁။ **ဗဟိုအဆင့်ရေးရာကော်မတီများ**

ပါတီ၏ အနာဂတ်မျိုးဆက်သစ် ခေါင်းဆောင်များ ပြုစုပျိုးထောင်နိုင်ရေးအတွက် အောက်ပါဗဟို အဆင့်ရေးရာကော်မတီများကို ဖွဲ့စည်းကြရမည် -

(က) ပြည်သူ့ရေးရာနှင့်တိုင်းရင်းသားများဆက်ဆံရေးရာကော်မတီ

(ခ ) တောင်သူလယ်သမားရေးရာကော်မတီ

(ဂ ) အလုပ်သမားရေးရာကော်မတီ

(ဃ) အမျိုးသမီးရေးရာကော်မတီ

(င ) လူငယ်ရေးရာကော်မတီ

(စ ) ပညာရေးကော်မတီ

(ဆ) ကျန်းမာရေးကော်မတီ

(ဇ ) နိုင်ငံတကာရေးရာကော်မတီ

(ဈ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

(ည) သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေးနှင့်ကယ်ဆယ်ရေးကော်မတီ

(ဋ ) ဥပဒေရေးရာကော်မတီ

(ဌ ) ပါတီခုံရုံးအဖွဲ့ - တို့ဖြစ်ပါသည်။

## အခန်း (၉)

၃၂။ **ပါတီတွင်းအရေးယူခြင်း**

(က) ပါတီဝင်တိုင်းသည် ပါတီစည်းကမ်း၊ စည်းမျဉ်းဥပဒေများနှင့် နည်းဥပဒေများအား လိုက်နာကြရမည်ဖြစ်သည်။

(ခ ) ကျူးလွန်ဖောက်ဖျက်ပါက သတိပေးခြင်း၊ စုံစမ်းအရေးယူခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်ဆိုင်းခြင်းများအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်မည်ဖြစ်သည်။

(ဂ ) ကျူးလွန်ဖောက်ဖျက်မှုအပေါ် အခြေပြုလျှက် လိုအပ်လျှင် စုံစမ်းစစ်ဆေးမှု ခုံရုံးဖွဲ့စည်း၍ ဆောင်ရွက်ရမည်။

(ဃ) အရေးယူခံရသည့် ပါတီဝင်သည် ဗဟိုသို့ တိုက်ရိုက်အယူခံခွင့်ရှိသည်။

၃၃။ **ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဥပဒေပြင်ဆင်ခြင်း**

(က) ပါတီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဥပဒေကို ပြင်ဆင်ဖြည့်စွက် ပြောင်းလဲအစားထိုးရန် လိုပါက နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ၌ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ခ ) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံသို့ တက်ရောက်သည့် ကိုယ်စားလှယ် စုစုပေါင်း ၇၅ ရာခိုင်နှုန်း သဘောတူညီချက် ရရှိမှသာ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေကို ပြင်ဆင်ဖြည့်စွက် ပြောင်းလဲအစားထိုးခြင်းတို့ကို အတည်ပြုရမည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ**

# အခန်း (၁၀)
# မူဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်

## နိုင်ငံရေး

၁။ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည့်အတွက် ပါတီနိုင်ငံရေးကို အခြေပြုပြီး အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်မည်။ စည်းကမ်း နှင့် ပညာရည်ပြည့်ဝသော ဒီမိုကရေစီစနစ်၊ ဒို့တာဝန်အရေးသုံးပါး နှင့် လွတ်လပ်၍ တရားမျှတသည့် တရားဥပဒေစိုးမိုးရေးတို့ကို ခိုင်မာစေရန် စည်းရုံး ဆောင်ရွက်သွားမည်။

၂။ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်တို့ကို ဟန်ချက် ညီညီ အရှိန်မပျက် လုပ်ကိုင်ဆောင်ရွက်သွားမည်။

၃။ ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ ပါတီအဖွဲ့အစည်းလိုက်ဖြစ်စေ၊ မတူကွဲပြားခြားနားသော အယူအဆ အတွေးအခေါ်များရှိသည်ဖြစ်စေ၊ အမျိုးသားအကျိုးစီးပွားအတွက် ဦးတည်ချက်ဖြင့် အမျိုးသားရေး ယုံကြည်ချက် ဆုံရပ်ဖန်တီးတည်ဆောက်ပြီး (Creation of national common trust platform) အမျိုးသားအကျိုးစီးပွား အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (National a wareness, National Interest)

၄။ ပါတီ၏အကျိုးနှင့် ပြည်သူ၏ အကျိုးယှဉ်တွဲလာပါက ပြည်သူ၏အကျိုးကို ဦးစားပေးဆောင်ရွက် ပါမည်။

၅။ အမျိုးသားရေးစိတ်ဓါတ်၊ မျိုးချစ်စိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ်တို့ကို မြန်မာနိုင်ငံရှိ ပြည်သူလူထု၊ တိုင်းရင်းသားထုအတွင်း စိမ့်ဝင်စီးဆင်းပျံ့နှံ့အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ ပြည်သူဗဟိုပြု၊ ပြည်သူစွမ်းအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူနှင့်လက်တွဲပြီး ဆောင်ရွက် သွားမည်။

၇။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုတို့သည် အပြည်ပြည် ဆိုင်ရာ အမျိုးသားရေးအဆင့် လုပ်ငန်းဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံးကို အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်း ပါဝင်လာရန် စည်းရုံးဆောင်ရွက်မည်ဖြစ်သည်။ နိုင်ငံတကာ နှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်သည်။

၈။ မြန်မာနိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားအားလုံးတို့၏ စိတ်ဓာတ်ဖွံ့ဖြိုးတိုးတက်မှု (Maturity of Mind Set) မြန်မာပြည်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု (Infrastructure) ကြွယ်ဝချမ်းသာသော နိုင်ငံ (Wealthy State)၊ ကြွယ်ဝချမ်းသာသောလူမျိုး (Wealthy Nation) တို့အတွက် ပြည်တွင်းငြိမ်းချမ်းရေး ထာဝရ ရရှိအောင် ဆောင်ရွက်ရေးသည် မရှိမဖြစ် လိုအပ်ချက် (Essential Need) အဖြစ် ဆောင်ရွက်ပါမည်။

၉။ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် အဓိကဖြစ်သည်။ ပြည်တွင်း ငြိမ်းချမ်းရေးထာဝရ ရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်။

၁၀။ နိုင်ငံသားတိုင်းမှုလ လူ့အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရန် ဥပဒေများ၊ ပြဋ္ဌာန်းခြင်း၊ အဖွဲ့အစည်းများ ဖွဲ့စည်း၍ ကာကွယ်စောင့်ရှောက်သည်။

**စီးပွားရေး**

၁၁။ အပြည်ပြည်ဆိုင်ရာ ကျင့်သုံးဆောင်ရွက်သော ဈေးကွက်စီးပွားရေးစနစ်ကို ပြည်သူလူထု အမှီလိုက်နိုင်အောင် ဆောင်ရွက်မည် ဖြစ်ပါသည်။

၁၂။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ ကမ္ဘာ့စီးပွားရေးစံနှုန်း ဥပဒေနှင့်အညီ ဖိတ်ခေါ်၍ ဈေးကွက်စီးပွားရေးစနစ် တံခါးဖွင့်စီးပွားရေးစနစ်ကို ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်မည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းလုပ်ငန်းရှင်များ ယှဉ်ပြိုင်ရပ်တည်မှု မပျောက်ပျက်စေရန် ဥပဒေနှင့်အညီ ကာကွယ် ဆောင်ရွက်ပေးမည်။

၁၃။ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ ပစ္စည်းများကို ဖော်ထုတ်အသုံးပြုမည်ဖြစ်ပါသည်။ သဘာဝသယံဇာတ ပစ္စည်းများကို ဖော်ထုတ်အသုံးပြုရာတွင် မိမိလူမျိုးများ စီးပွားရေးအကျိုး၊ အတတ်ပညာရရှိခြင်းအကျိုး၊ နည်းပညာရရှိခြင်းအကျိုး၊ နိုင်ငံတကာ အတွေ့အကြုံရရှိရေးအကျိုးနှင့် သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေး နှင့် ဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သက်ရှိတို့၏ ဂေဟစနစ် မထိခိုက်စေရန်တို့ကို ဦးစားပေးဆောင်ရွက်မည်။

၁၄။ အမျိုးသားအကျိုးစီးပွားလည်း ဖြစ်ထွန်းစေ၊ သဘာဝပတ်ဝန်းကျင်လည်း ထာဝရတည်မြဲစေမှုကို ကိုင်စွဲ၍ ဈေးကွက်စီးပွားရေးမူဝါဒကို အကောင်အထည်ဖော်မည်ဖြစ်ပါသည်။

၁၅။ လောင်စာစွမ်းအင်၊ လျှပ်စစ်စွမ်းအင်တို့ကို နည်းပညာပေါင်းစုံဖြင့် ဖော်ထုတ်ပြီး မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းနိုင်စေရန်အတွက် အမျိုးသားစွမ်းအင်အဖြစ် အသုံးပြုပြီး၊ ပြည်တွင်းပိုလျှံမှသာ ပြည်ပသို့ ရောင်းချရေး ဆောင်ရွက်မည်။ (လျှပ်စစ်စွမ်းအင်ပြည်တွင်းတွင်မလုံလောက်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရာတွင် လာရောက် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှု နည်းပါးသည့်နည်းတူ ပြည်တွင်း၌လည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး တို့ကို အားနည်းစေမည်။)

၁၆။ ယနေ့လက်ရှိ လယ်ယာထွန်ယက်စိုက်ပျိုးစနစ် နှင့် ခေတ်မီစက်မှုလယ်ယာစနစ်တို့ကို ချောမွေ့စွာ လုပ်ငန်းထိခိုက်မှုမရှိအောင် ချိတ်ဆက်ပေးပြီး ခေတ်မီစက်မှုလယ်ယာစနစ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည် ဖြစ်ပါသည်။ သို့မှသာလျှင် ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာဖြစ်ပေါ်ခြင်းမရှိဘဲ အမျိုးသားစားနပ်ရိက္ခာဖူလုံမှု (National Food Security) ကို မထိခိုက်ခြင်း၊ ပြည်ပသီးနှံရောင်းချမှု မထိခိုက်ခြင်း၊ တောင်သူလယ်သမားတို့၏ တစ်ဦးချင်းဝင်ငွေကို မထိခိုက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းကြီး၏ (Process of Agrobase Product) ဖြစ်စဉ်များကို ဖြစ်စဉ်ပြောင်းလဲချိန်ကာလအတွင်း (Transition Period) ထိခိုက်မှုမရှိအောင် ဆောင်ရွက်ပါမည်။ ဖြစ်စဉ်ပြောင်းလဲမှုတိုင်းတွင် အကောင်းစံပြီး အဆိုးမခံရအောင် ဆောင်ရွက်မည်။

၁၇။ လယ်ယာထွက်ကုန်သီးနှံများ ရောင်းချရာတွင် တောင်သူလယ်သမားများ ဈေးနှိမ်မခံရရေးအတွက် ခိုင်မာသော ဈေးကွက်၊ ထိုက်သင့်သော တန်ဘိုးများ ရရှိအောင် ပြည်တွင်း၊ ပြည်ပဈေးကွက်များကို ပါတီက ဦးဆောင်ရှာဖွေပေးပါမည်။

၁၈။ တောင်သူလယ်သမား၊ အလုပ်သမားထု ပြည်သူလူထု တစ်ရပ်လုံး ဆင်းရဲမှု ပပျောက်ရေးသည် အမျိုးသားရေး လုပ်ဆောင်ချက်အဖြစ် ရှုမြင်သုံးသပ်ပါသောကြောင့် အမျိုးသားထုတစ်ရပ်လုံး နှင့်လက်တွဲပြီး ဆင်းရဲမှု ပပျောက်အောင် ဆောင်ရွက်ပါမည်။

၁၉။ ဆင်းရဲမှု ပပျောက်အောင် ဆောင်ရွက်ရာတွင် ချေးငွေပေးသော စနစ်ကို ဦးစားပေး အဆင့်မထားဘဲ အလုပ်လုပ်နိုင်သောသူများ အလုပ်ရရှိရေးအတွက် ဦးတည်ပြီး လုပ်ငန်းသစ်များ ဖော်ဆောင်ရေးကို ဦးတည် ဆောင်ရွက်သွားပါမည်။

၂၀။ အလုပ်လက်မဲ့ ပပျောက်စေရန် လူတိုင်းအလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးဆောင်ရွက်မည်။

၂၁။ အမျိုးသားအကျိုးစီးပွား နှင့် နိုင်ငံသားတစ်ဦးချင်းအကျိုးစီးပွားကို ရှေ့ရှုသော လူတိုင်း အလုပ်အကိုင် ရရှိရေး (High Employment of nation) သွင်းကုန်ပို့ကုန် ပုံမှန်ဖွံ့ဖြိုးတိုးတက်ရေး (Steadly Expansion of Export and Import) သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်ခြင်း (Substitution of import) ကုန်ဈေးနှုန်း တည်ငြိမ်အောင် ဆောင်ရွက်ခြင်း၊ (Stable Sprices) မိမိငွေကြေးကို ခိုင်မာအောင် ဆောင်ရွက်ခြင်း (Strong Own Currency) တို့ကို စီးပွားရေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည်။

၂၂။ ဆင်းရဲမှုတိုးတက်လာရခြင်းအကြောင်းရင်း၏ အဓိကသည် ငွေဖောင်းပွမှု (Inflation) နှင့် အတိုးနှုန်း မြင့်မားမှုသည် အဓိကအချက်ဖြစ်ကြောင်း သုံးသပ်ပါသည်။

၂၃။ မြန်မာကျပ်ငွေကို ဖေါင်းပွမှုမဖြစ်အောင် ဆောင်ရွက်မည်။ (Inflation) ပြည်တွင်းဘဏ်များ အတိုးနှုန်း လျှော့ချမည်။

၂၄။ မြန်မာကျပ်ငွေကို ငွေစက္ကူထုတ်ရာဌာနတိုင်းတွင် လဲလှယ်သုံးစွဲခွင့်ရအောင် ဆောင်ရွက်မည်။

၂၅။ စွန့်ဦးတီထွင်လုပ်ကိုင်လိုသောသူများ ပေါ်ပေါက်လာရန် ပံ့ပိုးကူညီဆောင်ရွက်ပေးမည်။

## နိုင်ငံခြားရေး

၂၆။ အမျိုးသား အကျိုးစီးပွားကို ဦးစားပေး ရှေးရှုသော လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေး မူဝါဒကို ကျင့်သုံးရမည်။ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆွေကောင်းပီသစွာ ဆက်ဆံမည်ဖြစ်ပြီး၊ ကမ္ဘာ့ နိုင်ငံများနှင့် ရင်ဘောင်တန်း၍ ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၇။ ကမ္ဘာ့မိသားစုအတွင်း မြန်မာနိုင်ငံအစိုးရ၊ မြန်မာလူမျိုးတို့သည် ထည်ထည်ဝါဝါ ဖြစ်လာအောင် ဆက်ဆံနိုင်ရေး၊ နိုင်ငံရေး၊ နိုင်ငံတကာ ဆက်ဆံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာတို့တွင် မြန်မာတို့ပါဝင်နိုင်ရေး နှင့် (International Field) ထိုးဖောက်နိုင်ရေးတို့ကို ဆောင်ရွက်ပေးပါမည်။

၂၈။ နိုင်ငံတကာ အသိုင်းဝိုင်းများမှာ မြန်မာလူတော်လူကောင်း ပညာရှင်များ နိုင်ငံတကာအဆင့်မှာ ထိုက်ထိုက်တန်တန်နေရာပေးနိုင်ရေးအတွက် နိုင်ငံတကာဆက်ဆံရေးကို အဖက်ဖက်က တိုးမြှင့်ဆောင်ရွက်ပေးပါမည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ကမ္ဘာအဆင့်မီဆောင်ရွက်မည်။

## ကာကွယ်ရေး

၂၉။ မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကို ဦးဆောင်၍ ပြည်သူနှင့်အတူ လက်တွဲပြီး ရယူပေးခဲ့သော တပ်မတော်ဖြစ်ခြင်း၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးထိန်းသိမ်းကာကွယ်စောင့်ရှောက်သော တပ်မတော်ဖြစ်ခြင်း၊ မြန်မာ့ဒီမိုကရေစီစနစ်ပြန်လည်မီးရှူးသန့်စင်ဖွားမြင်ရာတွင် အဓိကကဏ္ဍက ဆောင်ရွက်သော တပ်မတော်ဖြစ်ခြင်း၊ ပြည်တွင်းရန်၊ ပြည်ပရန်တို့ကို အသက်သွေးချွေးစတေးရသော တပ်မတော်ဖြစ်သောကြောင့် ခေတ်မီစွမ်းရည်ပြည့် တပ်မတော်ဖြစ်အောင်လည်း အဘက်ဘက်မှ ဖြည့်ဆည်းပေးမည်ဖြစ်ပြီး၊ တပ်မတော်သားတို့ စားဝတ်နေရေး ဖူလုံစေပြီး၊ တပ်မတော်သားတို့၏ သားသမီးများ ပညာရေး၊ ကျန်းမာရေးတို့ကို အလေးအနက်ထားပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃၀။ မြန်မာ့တပ်မတော်အား နိုင်ငံတကာအဆင့်မှီ၊ ခေတ်မှီနည်းပညာမြင့် လက်နက်၊ စက်ယန္တရားများ၊ ကာကွယ်ရေး မဟာဗျူဟာမြောက်၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပြီး၊ ခေတ်မှီစွမ်းအား ကြီးမားသော မြန်မာ့တပ်မတော်ဖြစ်ရန် ဆောင်ရွက်ပါမည်။

၃၁။ နိုင်ငံတော်ကို ကာကွယ်ရန် နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါသည်။ တိုင်းပြည်အတွက် လိုအပ်လာပါက စည်းရုံးရေးနည်းဖြင့် နိုင်ငံတော်ကာကွယ်ရေးတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ရန်၊ အရေးပေါ် လိုအပ်လာပါက အချိန်နှင့်တပြေးတည်းဖြစ်စေရန်အတွက် ဥပဒေပြဌာန်းဆောင်ရွက်ပါသည်။

၃၂။ တပ်မတော်ကို ခေတ်မီတပ်မတော် တည်ဆောက်ရာတွင် တပ်မတော်သားတို့၏ ပညာရေးကိုလည်း လိုအပ်ချက်အရ ပညာတော်သင်များကို နိုင်ငံခြားသို့ စေလွှတ်ပညာသင်ကြားခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃၃။ မြန်မာတပ်မတော်တစ်ရပ်လုံးသည် ကျန်းမာကြံ့ခိုင်မှုရှိစေရန် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ တပ်မတော် ကြည်း၊ ရေ၊ လေတို့တွင် နိုင်ငံတကာအဆင့်မီ ဆေးရုံ၊ ဆေးရုံသုံးကရိယာများ၊ ဓါတ်ခွဲခန်း၊ သုသေသန လုပ်ငန်း၊ ခေတ်မီရောဂါရှာဖွေရေးစက်ကိရိယာများ အရည်အချင်းပြည့် ဆရာဝန်များ လုံလောက်စွာ ထားရှိခြင်း၊ တပ်မတော်သားတို့အား လိုအပ်သော အာဟာရဖြည့် အစားအစာ (Essesntial Diet) တို့ကို ဆောင်ရွက်ပေးပါမည်။

၃၄။ သဘာဝဘေးဒါဏ် နှင့် အခြားအခြားသော ဘေးဒါဏ်များ ပြည်သူတို့တွင် ကျရောက်သောအခါတွင်လည်း တပ်မတော် ဆေးတပ်ဖွဲ့ကို အသုံးပြုပြီး အချိန်နှင့်တပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းတို့ကို တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ဆောင်ရွက်ပါမည်။

၃၅။ တပ်မတော်သားတို့၏ နောင်ရေးစိတ်အေးနိုင်ရေးအတွက် အငြိမ်းစားတပ်မတော်သားတို့၏ အိမ်ယာစီမံကိန်းကို အသေးစိတ် အစီအစဉ်ရေးဆွဲဆောင်ရွက်မည်။

၃၆။ တပ်မတော်နယ်လှည့် ဆေးကုသခြင်းကိုလည်း မြန်မာပြည်အနှံ့ ပြည်သူနှင့်တပ်မတော် လက်တွဲပြီး အတူဆောင်ရွက်မည်ဖြစ်ပါသည်။ တပ်မတော်ဆေးပညာကို နိုင်ငံတကာ နှင့် ရင်ဘောင်တန်းနိုင်အောင် ဆောင်ရွက်ခြင်း၊ ပြည်သူလေးစားသော နိုင်ငံတကာအဆင့်ရှိသော တပ်မတော်ဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ပါသည်။

**ပညာရေး**

၃၇။ ဝိဇ္ဇာ၊ သိပ္ပံ ပညာရပ်နှစ်ခုလုံးသည် လူသားအားလုံးအတွက် မရှိမဖြစ် လိုအပ်သောကြောင့် ဝိဇ္ဇာသိပ္ပံ၊ နည်းပညာတို့ကို အချိုးညီအားပေးပါမည်။

၃၈။ လူမှုဒုက္ခအပေါင်းတို့သည် ပညာမဲ့ခြင်းမှ တည်မှီဖြစ်ပေါ်လာတတ်သည့်အတွက် အသက်အရွယ်မရွေးပညာရေးကို လိုက်ပါသင်ယူ၊ ဖတ်ရှုလေ့လာနိုင်ရန် ဖန်တီးပေးမည်ဖြစ်ပါသည်။

၃၉။ နိုင်ငံတစ်နိုင်ငံ၏ အစစ်အမှန် ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံသူ၊ နိုင်ငံသားတို့၏ ပညာစွမ်းရည်အပေါ်မှာ မူတည်သောကြောင့် အခမဲ့ပညာရေးကို အခြေခံပညာအထက်တန်းအထိ တွန်းအားပေး ဆောင်ရွက်ပါမည်။

၄၀။ မိမိဝါသနာပါသော ပညာရပ်ကို ကျောင်းသူ၊ ကျောင်းသားများ (အသက်အရွယ်မရွေး) တက်ရောက်ပညာဆည်းပူးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်မည် ဖြစ်ပါသည်။ ပညာရေးနှင့်ပတ်သက်သော အဟန့်အတားများကို ပယ်ဖျက်ပေးမည်။

၄၁။ ဘွဲ့လွန်ပညာရပ်အသီးသီး တက်ရောက်သင်ကြားလိုသော ကျောင်းသူ၊ ကျောင်းသားများအတွက် အဟန့်အတား၊ အကန့်အသတ်မှုဘောင်တို့ "ဖြေလျှော့ဆယ်မသောစနစ်" ကို အသုံးပြုပြီး မိမိတို့ တက်ရောက်လိုသော ဘွဲ့လွန်ဘာသာရပ်များကို တက်နိုင်ရေးတို့ကို ဆောင်ရွက်ပေးမည်။ ပညာရှင်များစွာ ပေါ်ထွက်ရေးကို ဦးတည်ဆောင်ရွက်ပါမည်။ (နိုင်ငံတကာအဆင့် ပညာရှင်များ မွေးထုတ်ပေးမည်။)

၄၂။ အစိုးရကျောင်းများ၊ တက္ကသိုလ်များ ဖွင့်လှစ်သည့်နည်းတူ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များ ဖွင့်လှစ်ခွင့်ပေးမည်။ နိုင်ငံတကာသို့ ဘာသာရပ်အသီးသီး၊ နည်းပညာရပ် အသီးသီးကို ပညာဆည်းပူးနိုင်ရေး ပညာတော်သင် အမြောက်အများ စေလွှတ်ရေးတို့ကို ဦးတည်ဆောင်ရွက်မည်ဖြစ်ပါသည်။

၄၃။ ပညာသင်ထောက်ပံ့ကြေးရရှိရန် ဆောင်ရွက်ပေးမည်။ ကျောင်းသူ၊ ကျောင်းသား ဆရာ၊ ဆရာမများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့ကို တိုးတက်အောင် ဆောင်ရွက်ပါမည်။ (Modern Education, Moral Education) စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာပညာသည် တိုင်းပြည်နှင့်လူမျိုးတန်ခိုးဖြစ်သည်။

၄၄။ နိုင်ငံသားတိုင်း မိမိလေ့ကျင့်သင်ကြားထားသော အသိပညာ၊ အတတ်ပညာများကို မိမိနိုင်ငံ အတွင်း ပြန်လည်အသုံးပြုနိုင်မည့် အလုပ်အကိုင်၊ အခွင့်အလမ်းများ အပြည့်အဝ ရရှိစေရမည်။

**ကျန်းမာရေး**

၄၅။ ပြည်သူ့ကျန်းမာရေးနယ်တွင် ကုသခြင်း၊ ကာကွယ်ခြင်းကို တိုးမြှင့်လုပ်ဆောင်ပေးပါမည်။

၄၆။ ကူးစက်ရောဂါများကို ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်မှုရှိသော လုပ်ဆောင်မှု ဖြစ်သောကြောင့် လူတိုင်းပညာပေးဆေးပညာကို ထိရောက်စွာ ဆောင်ရွက်မည်။ (Public Health)

၄၇။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ဆင်းရဲသူများကို ဆေးကုသရာတွင် အခမဲ့ဆေးကုသရေးကို ဆောင်ရွက်ပါမည်။

၄၈။ ကျန်းမာရေးအတွက် ကုသရေး၊ ကြိုတင်ကာကွယ်ရေးတို့ကို ဆောင်ရွက်ရာတွင် နည်းပညာနှင့် ခေတ်မှီဆေးပစ္စည်းများ အသုံးပြုနိုင်ရေးအတွက် ကုလသမဂ္ဂ၊ ပြည်တွင်းအသင်းအဖွဲ့များ၊ နိုင်ငံတကာ အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ထိရောက်စွာ ဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်မည်။

၄၉။ မြန်မာ့တိုင်းရင်းဆေးပညာကိုလည်း ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ပိုမိုတိုးတက်လာစေရေးနှင့် ခေတ်မှီဆေးပညာနှင့် တိုင်းရင်းသားဆေးပညာတို့၏ အားသာချက်များကို ပေါင်းစည်းဖလှယ်၍ ပိုမိုတိုးတက်အောင် စီမံချက်များချမှတ်ဆောင်ရွက်မည်။

**အုပ်ချုပ်ရေး**

၅၀။ ဒီမိုကရေစီကျင့်စဉ်ကို အခြေခံသော ပြည်သူဗဟိုပြုသော ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ပြည်သူအားဖြင့် ဖော်ဆောင်ထူထောင်သွားမည်။

၅၁။ အုပ်ချုပ်ရေး ယန္တရား ထာဝရသန့်ရှင်းစင်ကြယ်ပြီး အဂတိလိုက်စားမှုများ ပပျောက်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

၅၂။ ပြည်သူ့အင်အားကို အရယူပြီး သန့်ရှင်းသော (Clean) ကောင်းမွန်သော (Good) ပွင့်လင်းမြင်သာသော (Transperancy) အုပ်ချုပ်ရေးစနစ် ဖြစ်အောင် ဆောင်ရွက်ပါမည်။

၅၃။ ပြည်သူ့ထံမှ ပြည်သူ့အသံတို့ကို နာခံပြီး ပြည်သူလူထု ဆန္ဒနှင့်အညီ ပြည်သူ့အကျိုးပြု ဒီမိုကရေစီ အုပ်ချုပ်ရေး ယန္တရားကို ပြည်သူနှင့်ပူးပေါင်းပြီး တိုင်းပြည်အတွက် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်အောင် ဆောင်ရွက်ပါမည်။

**တရားစီရင်ရေး**

၅၄။ တရားစီရင်ရေးသည် ဥပဒေနှင့်အညီ နိုင်ငံသားအားလုံး တပြေးညီခံစားနိုင်ရန် ဆောင်ရွက်မည်။

၅၅။ တရားစီရင်ရာတွင် အဂတိကင်းလွတ်၍ ပွင့်လင်းမြင်သာ လွတ်လပ်သည့် တရားစီရင်ရေး မဏ္ဍိုင်ဖြစ်ရေးကို ဖော်ဆောင်ပါမည်။

၅၆။ တရားစီရင်ရေးသည် မှန်ကန်ရမည်။ လွတ်လပ်ရမည်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရကို အထောက်အပံ့ပေးသော စနစ်မျိုး ဖြစ်စေရန် ဆောင်ရွက်မည်။

**ဥပဒေပြုရေး**

၅၇။ ဒီမိုကရေစီ၏ နည်းလမ်းတကျ ပြည်သူလူထုမှ လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များသည် လွှတ်တော်အဆင့်ဆင့်တွင် ပြည်သူ့အသံလွှတ်တော်အသံအဖြစ် နာခံပြီး ဥပဒေများ ပြုစု ပြဋ္ဌာန်းဖော်ဆောင်သွားမည်ဖြစ်ပါသည်။

၅၈။ ပြည်သူ့အသံကို နာခံပြီး ပြည်သူလူထုအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများ ပြဋ္ဌာန်းရေး လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့ တင်ပြပြီး ပြည်သူ့အကျိုးပြုဥပဒေများ ရေးဆွဲရေးတို့ကိုလည်း ကြိုးပမ်း ဆောင်ရွက်မည်ဖြစ်ပါသည်။

**တိုင်းရင်းသားလူမျိုးရေးရာ**

၅၉။ တိုင်းရင်းသားလူမျိုးစုတစ်ရာကျော်အတွက် လူမျိုးစုအလိုက် ဒေသကို အခြေတည်ပြီး လူမျိုးစု အလိုက် ရေးရာအဖွဲ့များကို စုစည်း၍ အဖွဲ့အစည်းများ ဖွဲ့စည်းပေးမည် ဖြစ်ပါသည်။

၆၀။ ထိုရေးရာအဖွဲ့အစည်းများအလိုက် မိမိတို့၏ ထုံးတမ်းအစဉ်အလာ ရိုးရာဓလေ့များ၊ စာပေ၊ အနုပညာ၊ ဂီတ၊ ရိုးရာယဉ်ကျေးမှုတို့ကို ဖော်ထုတ်ထိန်းသိမ်းရေးတို့ကို ခေတ်နှင့်အညီ ဆောင်ရွက်ပေးမည်။

၆၁။ တိုင်းရင်းသားလူမျိုးများ ရှေးအတည်တေကပင် မြန်မာပြည်တွင် မြန်မာတို့နှင့်အတူ ညီရင်းအကိုမောင်ရင်းနှမများ အမိမြန်မာပြည်တစ်ဝမ်းအတွင်းမှ ဆင်းသက်လာသော သွေးတူ၊ သားတူ၊ စိတ်တူ၊ ဆန္ဒတူများဖြစ်သည့် မြန်မာပြည်၏ ရှိရင်းစွဲတိုင်းရင်းသားလူမျိုးဖြစ်သည့်အလျောက် ဒီမိုကရေစီအခွင့်အရေးကို တန်းတူရည်တူ အခြေခံဥပဒေပါ လူအခွင့်အရေးကိုလည်း ရရှိအောင် ဆောင်ရွက်ပေးမည်။

၆၂။ တိုင်းရင်းသားအားလုံးတို့၏ ရိုးရာစာပေ နှင့် ခေတ်ပညာတတ်ရေးတို့ကိုလည်း ဦးစားပေးတိုးမြှင့်ဆောင်ရွက်မည်ဖြစ်ပါသည်။

၆၃။ တိုင်းရင်းသားများ အခြေပြုရာ ပြည်နယ်များ၏ ကုန်းလမ်း၊ ရေလမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်း အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များ စသည့် အခြေခံအဆောက်အဦးများ တည်ဆောက်ပေးမည်ဖြစ်ပြီး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို စီမံကိန်းများ ရေးဆွဲ၍အထူးအလေးပေးဆောင်ရွက်မည်။

၆၄။ ပြည်ထောင်စုစိတ်ဓါတ်ကို အခြေခံပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဓိကဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တောင်သူလယ်သမားရေးရာ**

၆၅။ တောင်သူလယ်သမားများ လယ်ယာမြေပိုင်ဆိုင်ခွင့် ဥပဒေပြဋ္ဌာန်းခြင်းကို ထောက်ခံသည်။ နည်းဥပဒေများ ပြဋ္ဌာန်းရာတွင် မှန်ကန်မှုရှိအောင် ဆွေးနွေးခြင်းကို ပြုလုပ်မည်။

၆၆။ တောင်သူလယ်သမားများ မိမိလယ်မြေ၊ ယာမြေတို့တွင် ဈေးကွက်ဝင် သီးနှံများကို မိမိတို့ ကြိုက်နှစ်သက်ရာ စိုက်ပျိုးခြင်းကို ဦးစားပေးအဆင့်စိုက်ပျိုးစေပြီး၊ အမျိုးသားသီးနှံဆန်စပါးစိုက်ပျိုးခြင်းကိုလည်း "အမျိုးသား အစားအစာဖူလုံစေရန်" (National Food Security) သည်လည်း မရှိမဖြစ် (Essential Need) ဖြစ်ကြောင်း၊ မရှိမဖြစ် အမျိုးသားရေးတာဝန် (Essential National Duty) ဖြစ်ကြောင်း တောင်သူလယ်သမားတို့ကို တိုက်တွန်းပညာပေးမည်ဖြစ်ပါသည်။

၆၇။ တောင်သူလယ်သမားတို့၏ ဝင်ငွေတိုးတက်စေရန်အတွက် ဝင်ငွေရသီးနှံများ (Cash Crop) စိုက်ပျိုးရန် ပညာပေးပါမည်။

၆၈။ တောင်သူလယ်သမားတို့အတွက် သီးနှံဈေးကွက်ပြည်တွင်းပြည်ပကိုလည်း တောင်သူလယ်သမားတို့ အတွက် ပါတီက ဦးဆောင်ပြီး ဈေးကွက်ရှာဖွေပေးမည် ဖြစ်ပါသည်။

၆၉။ လယ်ယာကုန်ထုတ်သမဝါယမအသင်းများ၊ မွေးမြူရေးကုန်ထုတ် သမဝါယမအသင်းများကို အားပေးမည် ဖြစ်ပြီး၊ မြန်မာတောင်သူလယ်သမားများကို နိုင်ငံတကာ သမဝါယမအသင်းများ၊ နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေး အသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

၇၀။ တောင်သူလယ်သမားဘဏ်များ (Farmer's Bank) အလုပ်သမားဘဏ်များ (Workers's Bank) ဖွင့်လှစ်နိုင်ရေးကိုလည်း ပြည်တွင်း၊ ပြည်ပ နှင့် ချိတ်ဆက်၍ ကြိုးပမ်းဆောင်ရွက်သွားမည်။

၇၁။ စားနပ်ရိက္ခာသည် ကမ္ဘာအတွက်၊ မြန်မာအတွက် မရှိမဖြစ် ရိက္ခာအသက်ဖြစ်ပါသည်။ မြန်မာတို့ အတွက် ဆန်သည် အသက်ဖြစ်ပါသည်။ လယ်ယာမြေဥပဒေအရ ထိုလယ်ယာပိုင်ဆိုင်သူ တောင်သူလယ်သမား သည် မိမိတို့ပိုင်ဆိုင်သော လယ်ယာမြေအား ပေါင်နှံခြင်း၊ ရောင်းချခြင်းပြုလုပ်သည်ကို ထောက်ခံပါသည်။ လယ်ယာမြေဝယ်ယူသူ ပိုင်ရှင် မည်သို့ပင် ပြောင်းလဲစေကာမူ လယ်ယာမြေ ဝယ်ယူသူတိုင်းသည် လယ်ယာမြေ အား (Cultivate Land) လယ်ယာစိုက်ပျိုးခြင်းမှတပါး အခြားမည်သည့်လုပ်ငန်းမှ လုပ်ကိုင်ခွင့်မပြုရန် ဥပဒေတရပ် ထုတ်ပြီး တားမြစ်ရန်အဆိုကို တောင်းဆိုမည်ဖြစ်သည်။ အမျိုးသားစားနပ်ရိက္ခာဖူလုံစေရေး မျှော်တွေးပြီး မဟာဗျူဟာ ချမှတ်မည် ဖြစ်ပါသည်။

၇၂။ တောင်သူလယ်သမား နှင့် တောင်သူလယ်သမား သားသမီးတို့၏ ပညာရေးကို အသေးစိတ် စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်ပါမည်။

၇၃။ ဖွံ့ဖြိုးမှုနှေးကွေးသော အရပ်ဒေသရှိ ကျေးရွာများအား ဖွံ့ဖြိုးတိုးတက်မှု လျှင်မြန်စေရန် အတွက် ဖွံ့ဖြိုးရေးဇုံရွာများ သတ်မှတ်ပြီး ဘက်စုံထောင့်စုံဖွံ့ဖြိုးတိုးတက်မှု လျှင်မြန်အောင် ဆောင်ရွက်ပေးမည်။

**အလုပ်သမားရေးရာ**

၇၄။ မြန်မာနိုင်ငံသား အလုပ်လက်မဲ့ပပျောက်စေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးပြီး လူတိုင်းတစ်ဦးချင်းဝင်ငွေရရှိမှု တိုးတက်ရရှိရေးနှင့် အသားတင် ထုတ်လုပ်မှု ပမာဏကို တိုးတက်ရရှိရေး (G.D.P = Gross Domestic Product) နှင့် အမျိုးသားထုတ်ကုန်ပမာဏ (National Gross Product) တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်တွင်းပြည်ပအရင်းအနှီးဖိတ်ခေါ်ပြီး ဆောင်ရွက်မည်။

၇၅။ မြန်မာပြည်၏ ပထဝီအနေအထားအားနည်းချက်၊ အားသာချက်၊ မြန်မာပြည်၏ လောင်စာ၊ ဓါတ်ငွေ့ လျှပ်စစ်ဓါတ်အား အားနည်းချက်၊ အားသာချက်တို့ကို အခြေပြု၍ အလုပ်ဖြစ်နိုင်သော လုပ်ငန်း အမျိုးအမည်ကို စိစစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ် ဆောင်ရွက်မည်။

၇၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် အပြီးသတ်ညှိနှိုင်းအတည်ပြုချက်ရရှိလျှင် ထိုစက်ရုံ၊ အလုပ်ရုံ အတွက် လိုအပ်သော အလုပ်သမားဦးရေ၊ လိုအပ်သော အရည်အချင်းတို့ကို နိုင်ငံခြားနှင့်ချိတ်ဆက်၍ မိမိ နိုင်ငံသား၊ အလုပ်သမားများကို အရည်အချင်း၊ လုပ်ငန်းခွင်စည်းကမ်းတို့ကို သိရှိနားလည် တတ်ကျွမ်းအောင် လုပ်ငန်းမဝင်မီ ပါတီက ကူညီဆောင်ရွက်ပေးမည်။

၇၇။ အလုပ်ချိန်နှင့် လုပ်ခများကို နိုင်ငံတကာစံချိန်၊ ဒေသတွင်းစံချိန်တို့ထက် မနည်းအောင် ကူညီ ဆောင်ရွက်ပေးမည်။ အလုပ်သမားများ အချိန်၏ တန်ဖိုးကို သိရှိနိုင်ရန်အတွက် နာရီအလိုက် လုပ်အားခကိုလည်း ပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၇၈။ အလုပ်သမားများ၏ အချိန်ပိုလုပ်ခ အမှန်အကန်ရရှိအောင် ဆောင်ရွက်ပေးမည်။ အလုပ်သမားများ လုပ်ခွင့်အန္တရာယ်ကြေး (Industial Hazard) လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိ ဆေးကုသမှု ကုန်ကျစရိတ်ကို အပြည့်အဝ ရရှိအောင် ဆောင်ရွက်ပေးမည်။

၇၉။ အလုပ်သမားဖူလုံကြေး နှင့် လူမှုဖူလုံရေး ခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၈၀။ အလုပ်သမားတို့၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးတို့ကို ဆောင်ရွက်ပေးမည်။

၈၁။ အလုပ်သမားများ နှင့် အလုပ်သမားတို့၏ သားသမီးပညာရေးကို အသေးစိတ်အစီအစဉ် ရေးဆွဲ ဆောင်ရွက်ပါမည်။

**ဘာသာရေး**

၈၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း မိမိယုံကြည်သည့် ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့် ရှိသည်။

၈၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ အထွန်းကားဆုံး နိုင်ငံဖြစ်သည့်အတွက် မပျောက်ပျက်စေရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် ပြည်ပသို့ ပိုမိုပြန့်ပွားစေရန် ဆောင်ရွက်မည်။

**ယဉ်ကျေးမှု**

၈၄။ မြန်မာယဉ်ကျေးမှုအမွေအနှစ်များနှင့် ကိုယ်ပိုင်အမျိုးသားအစဉ်အလာ နှင့် ဗိဇစိတ်ဓါတ်၊ ဇာတိသွေး၊ ဇာတိမာန်၊ အမျိုးသားရေး အမွေအနှစ်များ ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ခြင်း နှင့် မျိုးဆက်သစ်များအား ဇာတိသွေး၊ ဇာတိမာန် မပျောက်ပျက်အောင် လက်ဆင့်ကမ်း ဆောင်ရွက်ပေးပါမည်။

၈၅။ စာပေ၊ ဂီတ၊ အနုပညာတို့ကို မြန်မာ့အမွေအဖြစ် ဆက်လက်ထိန်းသိမ်းထားပြီး ရုပ်ရှင်၊ ပန်းချီ၊ ပန်းပု၊ ဂီတ စသည့် ပန်းဆယ်မျိုးအမွေတို့ကို ထိန်းသိမ်းဆောင်ရွက်ပါမည်။

၈၆။ ယဉ်ကျေးမှု ပျောက်လျှင် လူမျိုးပျောက်တတ်သည်။ ယဉ်ကျေးမှုအမျိုခံရလျှင် လူမျိုးပြိုတတ်သည်။ ဆိုရိုးစကားအတိုင်း မိမိယဉ်ကျေးမှုကို အခြားတိုင်းတပါးယဉ်ကျေးမှု မမျိုရအောင်၊ မိမိယဉ်ကျေးမှုကို မပြိုရအောင် ထိန်းသိမ်းစောင့်ရှောက်မည် ဖြစ်သည်။

**နိုင်ငံဝန်ထမ်းရေးရာ**

၈၇။ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ ရရှိမည့် အခွင့်အရေးများကို အပြည့်အဝရရှိရန် ဆောင်ရွက်ပေးမည်။

၈၈။ ဝန်ထမ်းတို့၏ နောင်ရေး စိတ်အေးသော ဘဝတည်ဆောက်နိုင်ရေးအတွက် အစီအစဉ် အသေးစိတ် ရေးဆွဲဆောင်ရွက်ပေးမည်။

၈၉။ ဝန်ထမ်းတို့ အိုးပိုင်၊ အိမ်ပိုင်ဖြစ်နိုင်ရေးအတွက် မိမိတို့လစာထဲမှ လစာအနည်းအများအလိုက် မထိခိုက်သော ရာနှုန်းသတ်မှတ်ပေးသွင်းခြင်းဖြင့် အိုးပိုင်၊ အိမ်ပိုင် ဖြစ်အောင် အိမ်ယာစီမံကိန်းများ ရေးဆွဲဆောင်ရွက် ပေးမည်။

၉၀။ ဝန်ထမ်းတို့၏ သားသမီးပညာရေးကို အချိုးတစ်ခုဖြင့် သတ်မှတ်ပြီး ထောက်ပံ့ရန် အသေးစိတ်စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်သည်။

၉၁။ ဝန်ထမ်းဟူသည် ပြည်သူပြည်သား ကျွေးသောထမင်းကိုစားသည် ဖြစ်သောကြောင့် ပြည်သူလူထုကို ယဉ်ကျေးပျူငှာစွာ ဆက်ဆံကြရန်။ ပြည်သူကျေးဇူးတရားကို တုန့်ပြန်နိုင်ရန် အဂတိမလိုက်စားရန် ဆောင်ရွက်မည်။

၉၂။ ရာထူးအဆင့်တိုးမြှင့်ရန်အတွက် လုပ်ရည်ကိုင်ရည် အရည်အချင်း၊ အရည်အသွေး ပြည့်ဝမှုကို ဦးစားပေးသည့်စနစ် ရေးဆွဲ၍ ဆောင်ရွက်မည်။

၉၃။ အဂတိလိုက်စားခြင်း၊ လာဘ်စားခြင်းတို့ကို ထိရောက်သော နည်းစနစ်ကို အသုံးပြုပြီး ပပျောက်အောင် ဆောင်ရွက်မည်။

**မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ**